
သျှင်ဝ
ထီးကလေးတစ်ချောင်းပဲလိုပါတယ်

## အခန်း (၁)

"ကဲ တတိယ အကြိမ်မြောက် မင်းမှားပြန်ပြီ သခင်၊ မင်းငါ့ကို ဘယ်လို စကားနဲ့ တုံ့ပြန်ဖို့ စဉ်းစားထားသလဲ"

သခင်က ရေမြုပ်ဆိုဖာ တပ်ထားသည့် ကျွန်းကနုတ် ကုလားထိုင်ကြီး ပေါ်မှာ ထိုင်နေရာမှ တုတ်တုတ်မျှ မလှုပ်ပါ။

ဒူးနှစ်ဖက်ပေါ်မှာ တံတောင် နှစ်ဖက်ထောက်၍ လက်ဖဝါးချင်း ခပ်ဖွဖွ ထွေးဆုပ်ထားသည့် နေရာမှ တစ်ဝက်ခန့် တိုနေပြီဖြစ်သည့် စီးကရက် မီးခိုးငွေ့လေးများ တလွင့်လွင့် တက်နေလေသည်။

ဦးခင်ထွန်းက သားဖြစ်သူ မျက်နှာကို အကြာကြီး စိုက်ကြည့်နေသည်။

သခင် ဘာမှ မပြောတော့မှ

"ပထမတစ်ခါ အိမ်ပေါ်မှာ ခေါ်ထားတယ်၊ အရောင်းအဝယ် လုပ်နေဆဲ ပစ္စည်းကို ခိုးပြီး ထွက်ပြေးသွားတယ်၊ နာမည်ပျက် ငွေဆုံး၊ အဲဒီကတည်းက သား မြင့်မြတ်ကလျာနဲ့ လက်ထပ်ခဲ့ရင် ဝင်းထွဋ်ဆိုတဲ့ ကောင်နဲ့ နောက်ထပ် ထပ်ပြီး ပတ်သက်ဖို့ ဖြစ်လာမှာ မဟုတ်ဘူး၊ မိန်းမဆိုတာ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်းတဲ့၊ ဝင်းထွဋ် ဘာကောင်ဆိုတာလည်း မင်းက စုံလုံးကန်းပြီး ပံ့ပိုးနေပေမဲ့ မြင့်မြတ်ကလျာနဲ့ ပတ်ဝန်းကျင်က အားလုံး သိကြပြီးသား၊ မင်းတစ်ယောက်က လွဲပြီး ဒီကောင် ဘယ်မျက်နှာကိုမှ ကြည့်ဝံ့တာ မဟုတ်ဘူး"

"လူတစ်ယောက်ဟာ အစဉ်တစိုက် ဆိုးသွမ်း မနေနိုင်ဘူးလို့ ကျွန်တော်

ယူဆခဲ့လို့ပါ ဖေဖေ"

"အေး ... မင်းအယူအဆနဲ့မင်း လုပ်ကြည့်စမ်းဆိုပြီး ဒုတိယအကြိမ် မှား ခွင့်ကိုလည်း ငါက ပေးခဲ့သေးတယ်လေ၊ မြင့်မြတ်ကလျာနဲ့ မင်းကို လက်ထပ်ပေးပြီး ငါ ပြင်သစ်မှာ ငါ့ဆရာတော်ကြီးတွေနဲ့ အတူ လိုက်နေ တော့မယ်လို့ ဆုံးဖြတ်ခဲ့တာတွေ ဖျက်ခဲ့ရတယ်၊ ဒီကောင် မင်းအနားမှာ မြဲ နေလို့ မျက်နှာလွှဲခဲ့ရမှာ စိတ်မချခဲ့နိုင်ဘူး၊ အဲဒါနဲ့ ဒုတိယအကြိမ် ကုမ္ပဏီက မီးခံသေတ္တာကို ဖောက်ခဲ့တယ်၊ ဒါလည်း သူ့ အကျပ်အတည်းတွေကို တင်ပြ ပြီး ကလိန်ကကျစ်တွေနဲ့ ဝန်ချလို့ မင်း ကျေအေးခဲ့တာပဲ"

"ဖအေတူ မအေကွဲ ညီဆိုတဲ့ သံယောဇဉ်နဲ့ပါ ဖေဖေ"

"တော်စမ်းပါကွ၊ မင်း ဒီစကားကို တစ်ခါပြောတိုင်း ငါ တစ်ခါ အရှက်ရ တယ်၊ ငါဆိုတဲ့ ကောင်က မင်းအမေကို ငုံထားမတတ် ချစ်တဲ့ကောင်ပါ၊ အပျော်လွန် ခြေလှမ်းမှားပြီး တစ်ချက်ကလေး တိမ်းစောင်း သွားခဲ့တာနဲ့ ဒီ မိန်းမရဲ့ စက်ကွင်းထဲ ရောက်သွားခဲ့တာ၊ ပြီးတော့ ဒီကောင်ဟာ ငါနဲ့ရတဲ့ ကောင်ဆိုတာ အစကတည်းက ငါမယုံခဲ့တာ"

ဦးခင်ထွန်း အသံက မာကျောကျော ဖြစ်လာသည်။

"ယောကျ်ား အတော်များများကို တရင်းတနှီး ပေါင်းသင်းတတ်တဲ့ ခပ် ဟော့ဟော့ ပေါ့ပျက်ပျက် မိန်းမတစ်ယောက်ဟာ သူ့ကိုယ်သူလည်း ဘယ်တော့မှ တန်ဖိုးထား ထိန်းသိမ်းမှာ မဟုတ်ဘူး၊ ငါ့ကို ငွေမက်ပြီး ကလေးနဲ့ အကျပ်ကိုင်တာ၊ မင်းအမေကိုယ်တိုင် သူ့ကို ကျေနပ်လောက် အောင် ပေးထားခဲ့တာ၊ ဇာတ်လမ်းက ပြီးနေပြီ၊ ခုတော့ ဘယ်က ဗရုတ်သုတ်ခကနေ ထင်ရာလုပ်၊ ထောင်ကျ၊ လေလွင့်နေတဲ့ ဘာမှန်းမသိ တဲ့ ကောင်ကို မင်းက အိမ်ပေါ်ခေါ်တင်၊ ငါလို မဟုတ်မဟတ်နဲ့ ဖအေ တော်နေရတဲ့ ကောင်တောင်မှ စာရင်းထဲမထည့်ဘဲ မင်းက ဘာကိစ္စ အရေး

လုပ်နေရတာလဲ"

သခင် ဘာတစ်ခွန်းမှ ပြန်မပြောပါ။

"ဖအေ သတိပေးထားတဲ့ ကြားကနေ မသိအောင်လို့ ဘေးမှာ ပွဲရုံထောင်ပေးပြန်တယ်၊ ဟော အခု ပွဲရုံအလုပ်ကို ဗန်းပြပြီး ဘိန်းဖြူရောင်းဝယ်မှုနဲ့ အဖမ်းခံရပြီ၊ ဒီအမှုကို မင်းက လွတ်ဖို့နိုင်ဖို့ ဒီကောင်ကို အလင်းရောင်ထဲ ဆွဲသွင်းဖို့ ဘာညာကိစ္စတွေ လိုက်လုပ်ဦးမှာလား၊ ပံ့ပိုးဖို့များ အခြား အစီအစဉ်တွေ ရှိနေသေးသလား၊ ရှိရင် တစ်ခါတည်းပြောကွာ၊ မင်းနဲ့ငါ အပြတ် စာရင်းရှင်းမယ်"

ဦးခင်ထွန်းက သားကို မိဘလို မချုပ်ကိုင်ဘဲ ညီအစ်ကိုလို တရင်းတနှီး ပေါင်းသင်းခဲ့တာလည်း ဖြစ်သည်။

ဘာမဆိုလည်း အဓမ္မချုပ်ကိုင် ပြောဆိုတာမျိုးလည်း မလုပ်။ မှားမယ်လို့ သတိပေးကြည့်သည်။

မှားတယ်မထင်လို့ ရှေ့တိုး ကြည့်မယ်ဆို တိုးခိုင်းတဲ့သူ ဖြစ်၏။ ဒီအတွက် ငွေပဲကုန်ကုန်၊ စည်းစိမ်ပဲ ပြုတ်ပြုတ်။

လူငယ်တွေဟာ ကိုယ်တိုင်ပူမှ ပူပါလားလို့ လက်ခံတတ်တာမျိုး။ ဒါကြောင့် အတွေ့အကြုံ တစ်ခုကို ကိုယ်တိုင် လက်ခံသွားအောင် စည်းစိမ်ဥစ္စာ အပြုတ်ခံ၍ ရင်းနှီးပေးခဲ့တာတွေ ဒုနဲ့ဒေး။

ဝင်းထွဋ်နဲ့ ပတ်သက်၍လည်း တစ်ကြိမ်၊ နှစ်ကြိမ် မှားနေပြီ ဆိုကတည်းက

"သုံးကြိမ်မြောက်ဆိုရင် ငါ ခွင့်မလွှတ် တော့ဘူးနော်"

ဆိုတာ ပြောထားပြီးသား။

"ကဲ ... အခု မင်းဆုံးဖြတ်စမ်း၊ ယောက်ျားတွေ ... တွေဝေတာ မိန်းမ

အလုပ်၊ မင်း ဘာကို တွေဝေနေတာလဲ"

"ကျွန်တော် မတွေဝေပါဘူး ဖေဖေ၊ ဝင်းထွဋ်နဲ့ ပတ်သက်သမျှ ကျွန်တော် ပြည်ဖုံးကား ချလိုက်ပါပြီ၊ ဖေဖေ့စိတ်ကြိုက် ကြိုက်သလိုစီစဉ်ပါ၊ ကျွန်တော် နာခံပါ့မယ်"

"အေး ... ဒါမျိုးပဲ ငါလိုချင်တာ၊ ငါက ငါဖအေမို့ ကြောက်လို့ ခေါင်းညိတ်လိုက်ရတာမျိုး မလိုချင်ဘူး၊ စိတ်လို လက်ရ လက်ခံခေါင်းညိတ် သွားတာကို လိုချင်တာ၊ မင်း မြင့်မြတ်ကလျာကို မချစ်ပေမဲ့ လက်ခံလို့ရသွားပြီ မဟုတ်လား၊ ပြီးပြီပေါ့၊ ဒီအတွက် ငါ့စည်းစိမ်တွေ တော်တော်များများ စတေးပေးလိုက် ရကျိုးနပ်ပါတယ်"

"တစ်ခုတော့ ရှိတယ် ဖေဖေ"

"ပြောစမ်း"

"မြင့်မြတ်ကလျာက သိပ်ကို ခေတ်လွန်တဲ့မိန်းမ၊ အဲဒီစရိုက်ကို ကျွန်တော် မကြိုက်ဘူး"

"ဒါပေမဲ့ သူက တော်တော် လှတယ်ကွ၊ တက္ကသိုလ်မှာ ကွင်းဖြစ်တဲ့ အလှအပတွေက တက္ကသိုလ် ပြီးသွားပေမဲ့ အားကောင်းနေတုန်းပဲ၊ ငါက ငါ့သားကို တော်ရုံမိန်းမနဲ့ တန်တယ်ထင်တာ မဟုတ်ဘူး၊ ပြီးတော့ မြင့်မြတ်ကလျာ ကလည်း မင်းကို သဘောကျနေတာ ငါသိတယ်၊ ငါ့မျက်စိထဲမှာ မင်းနဲ့ ထိုက်တန်တဲ့ မိန်းကလေးဟာ မြင့်မြတ်ကလျာပဲလို့ အသေတွေး ထားပြီးသား၊ နောက်တစ်ချက်က သူ့မိဘများက စီးပွားရေးတွေ ကျနေတယ်၊ အဲဒီတော့ စည်းစိမ်ရှိတယ်၊ အရည်အချင်းရှိ၊ ပညာတတ် မင်းလိုကောင်ကို သူ ဖိဆန်မှု တော်တော်နည်းလိမ့်မယ်၊ ယောကျ်ားကောင်း တစ်ယောက်မှာ ချမ်းသာထက်မြက်တဲ့ မိန်းမ မလိုပါဘူး၊ လှဖို့၊ ချောဖို့၊ သိက္ခာရှိဖို့၊ ပြီးတော့ မနုံမအဖို့၊ ဒါပဲ မဟုတ်လား"

"သူ့ကို သိပ်ထက်တယ်လို့ ဖေဖေ မထင်ဘူးလား"

"ထင်တာပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းဘက်က ရွေးချယ်ခွင့် မရှိတော့ဘူး၊ တစ်အချက် မင်းကို ငါဆက်ခါဆက်ခါ စမ်းသပ် မှားယွင်းခွင့်တွေ ပေးခဲ့ပြီးပြီ၊ နှစ်အချက် လက်ထပ်ဖို့ မင်းသဘောတူခဲ့တယ်၊ သုံးအချက်က မဖြစ်မနေ လက်ထပ်ဖို့ပဲ၊ အေး ... နံပါတ်လေးကတော့ မင်းတို့ကို လက်ထပ်ပေးပြီးရင် ငါပြင်သစ်ကို လိုက်သွားတော့မယ်၊ ပြန်လာဖြစ်ရင်လည်း လာမယ်၊ တစ်သက်လုံး ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါကို မင်းကြေကွဲဖို့ မလိုဘူး၊ ငါ့ဘာသာ သာသနာအတွက် ငါက တစ်တပ်တစ်အား ဆောင်ရွက်တယ်၊ အေး ... ငါ့ကို သတိရတိုင်း သားသမီးကျင့်ဝတ် ငါးခုကို မင်းအမြဲ သတိရပါ၊ စောင့်လေမျိုးနွယ် ဆိုတဲ့ဝတ်အတိုင်း ဝင်းထွဋ်ဆိုတဲ့ ကောင်ကို မင်းမေ့ပစ်မှ ဖြစ်မယ်၊ ဒီကောင်က မျိုးဖျက်ပိုး"

"ကျွန်တော် နားလည်ပါတယ် ဖေဖေ၊ ဝင်းထွဋ်နဲ့ ကျွန်တော့်ရဲ့ အနာဂတ်ကို ဖေဖေ ဘာမှ နောက်ဆံမတင်းပါနဲ့၊ ပြီးသွားပြီလို့ပဲ စိတ်အေးအေးနေပါ၊ ဖေဖေ လှူနိုင်တန်းနိုင်အောင် ကျွန်တော့်ကြောင့် ဆုံးပါးကုန်ခဲ့တဲ့ စည်းစိမ်ဥစ္စာတွေ အတွက် ကျွန်တော် ကြိုးစားရှာပါ့မယ်"

ဦးခင်ထွန်း မျက်နှာကြီး ကြည်လင် ဝင်းပသွားသည်။

"မင်္ဂလာရှိလိုက်တဲ့ စကားကွာ၊ သာဓု ... သာဓု ... သာဓု၊ ... ငါဆုတောင်းတယ်၊ ငါစီစဉ်ပေးခဲ့တဲ့ အိမ်ထောင်ရေးမှာ မင်းပျော်မွေ့ နိုင်ပါစေ၊ ဘဝတစ်လျှောက်လုံးမှာ အမှားများ နည်းပါစေ"

"မိဘက စေတနာ အပြည့်နဲ့ပေမဲ့ အိမ်ထောင်ရေး ဆိုတာ ကံစမ်းမဲပါ ဖေဖေ"

"ဒါကြောင့် ငါဆုပေး တာပေါ့ကွ၊ မင်းပျော်မွေ့နိုင်ပါစေ"

ဦးခင်ထွန်းက ခုတော့မှ ပြုံးကြည်လာကာ သခင့်ပခုံးကို အားရပါးရ ဖက်ထား လိုက်လေသည်။

ဒီသားကြီးကို သူအချစ်ဆုံး ...

*****

အခန်း (၂)

"အစကတော့ ကြီးကျယ်လို့ မှန်းတယ်လေး၊ ဘာလေးနဲ့၊ ဒီတစ်ခေါက် လာပြန်ပြောရင် လုံးဝလက်မခံတော့ ဘူးဆို၊ ခုတော့ ဟိုက လာခေါ်မယ် ဆို တာနဲ့ပဲ ပြင်ထားလိုက်တာ မှုန်လို့ပါလား ယောက်မရယ်"

"မမလွင်နော် ... မစနဲ့"

"မစနဲ့ လွင်ရေ ... တော်ကြာ စိတ်ကောက်လို့ လက်ထပ်ရမဲ့ ရက်အထိ တောင် မစောင့်နိုင်ပါဘူး ဆိုပြီး ခုတစ်ခါတည်း လိုက်သွားဦးမယ်"

"ဟယ် ... ကြည့်စမ်း၊ မလတ် ... ကိုယ့်ညီမကို ဒီလိုပဲ ပြောရသလား"

ကလျာက အစ်မဖြစ်သူနဲ့ ယောက်မ နှစ်ယောက်ကြားမှာ နှုတ်ခမ်းလေး စူနေသည်။

မောင်နှမ သုံးယောက်ထဲမှာ ကလျာက အငယ်ဆုံး ...

ကိုကြီးက မိန်းမရသွားပြီ ဖြစ်သည်။

အကြီးမ မြင့်မြတ်သီတာကလည်း အိမ်ထောင်နဲ့ပင်။

သို့သော် ... အစ်ကိုကြီးရော မလတ်ရဲ့ ယောကျ်ားပါ နိုင်ငံခြား သင်္ဘောသားများ ဖြစ်ကာ အလုပ်ကလည်း အတူ တစ်နေရာတည်းမို့ သူတို့ သမီးယောက်မနှစ်ယောက် သင်္ဘောထွက်သွား ကြပြီဆို ကိုကြီးရဲ့မိန်းမ သော်တာလွင်ရော၊ မလတ်ပါ အိမ်ပေါ် ရောက်လာကြတာပင်။

"ကဲ ... ပြောစမ်း၊ အခု ဟိုက လာခေါ်မယ်လို့ ဖုန်းဆက်တာလား"

"ဟုတ်တယ်"

ကလျာက ဆိုးနွဲ့ဟန်လေးနှင့် ဆောင့်ဆောင့်လေး ဖြေကာ နှုတ်ခမ်း ရစ်တင်နေသည်။

သော်တာလွင်က မလတ်ကို မျက်စ လှမ်းပစ်ကာ ...

"ဆောင်းသခင်ဆိုတဲ့ ကောင်လေးက ပုံစံကတော့ တကယ့် အမိုက်စားပဲ နော်"

"ဘယ်ကလာ ကောင်လေးကမှာလဲ လွင်ရယ်၊ တော်ရုံ အရပ်ပုတဲ့ မိန်းမဆို သူ့မျက်နှာကို လှေကားထောင် ကြည့်ရဦးမယ်၊ အရပ်ကြီးကမြင့်၊ လူက တောင့်တောင့်တင်းတင်း၊ ဒီကြားထဲ မျက်နှာမှာ ပါးသိုင်းမွေးတွေက ရှိသေး၊ သူက မျက်မှန်အနက်၊ အမြဲ တပ်ထားတတ်တော့ စတိုင်တစ်မျိုး ဖြစ်ပြီး ကြည့်လို့တော့ ကောင်းပါရဲ့ ကြောက်စရာကြီး"

"ဟဲ့ ... ဘာကိုလဲ"

သော်တာလွင်က မျက်လုံးလေး တမင်ပြူး၍ မေးသည်။

"သူ့ပုံစံကြီးကိုလေ၊ လွင် အနီးကပ် မြင်ဖူးလို့လား"

"နှစ်ခါ သုံးခါ မြင်ဖူးတယ်၊ ခပ်လှမ်းလှမ်းကပဲ"

"အမလေး ... ဒီက သေသေချာချာ မြင်ဖူးတာ၊ လူက လူချောရယ်၊ ဒါပေမဲ့ ရွှရွှလေး မနေတတ်ဘူး၊ ပုဆိုး ဘယ်တော့မှ မဝတ်ဘူး၊ စပို့ရှပ် မဝတ်ဘူး၊ ရှပ်တောင်မှ လက်ရှည်ကို နွေဖြစ်ဖြစ်၊ ဆောင်းဖြစ်ဖြစ် ကြယ်သီးစုံ တပ်ဝတ်တာ၊ များသောအားဖြင့် ဂျာကင်တွေပဲ ဝတ်တတ်တယ်"

"ဒီလောက်ထိ မလတ်က သိနေတာပေါ့"

"ဟဲ ဟဲ ... လွင်မသိလို့၊ တို့ဘွဲ့ယူတော့ သူနဲ့ တစ်နှစ်တည်းပေါ့၊ အဲဒီတုန်းက မိကလျာက ပထမနှစ်ပဲ ရှိသေးတာ၊ ဘွဲ့နှင်းသဘင်မှာ သူ့ကို ကလျာက စတွေ့သွားတာ"

"မလတ်နော် ... ဆက်မပြောနဲ့"

ကလျာက မနေနိုင် မထိုင်နိုင် ထပြောတော့ သော်တာလွင် ပို၍ သိချင်သွားသည်။

"ဟုတ်လား၊ အဲဒီမှာ မြင်ဖူး သွားကြတာပေါ့"

"မြင်ဖူးတာ မဟုတ်ဘူး၊ သူက သိတောင်မသိဘူး၊ ကလျာကမြင်တာ၊ သူ့ပုံစံကြီးက ထင်းနေတော့ သတိထား မိတာပေါ့၊ ပြီးတော့ သူက ခန်းမမှာဘွဲ့လာယူချင်ပုံ မပေါ်ဘဲ သူ့အမေက အတင်းယူခိုင်းနေတာ ထင်တယ်၊ မျက်နှာကို စူပုတ်နေတယ်၊ သူ့ကို မျက်မှန် ချွတ်ခိုင်းနေရတာ၊ မျက်မှောင် မကုတ်ထားဖို့ ပြောနေကြတယ်၊ အဲဒါတွေကြားပြီး ကလျာက စိတ်ဝင်စားသွားတာ"

မထူးစိတ် ပိုက်၍လား မသိ၊ ကလျာကပဲ ခပ်ရွှဲရွှဲ ဝင်ပြောတော့သည်။

"ဒါဆို သူနဲ့လက်ထပ်ဖို့ စီစဉ်ဖြစ်တာက တိုက်ဆိုင်တာလား"

"ဟုတ်တယ်၊ သူ့အဖေနဲ့ ဒယ်ဒီနဲ့က လုပ်ငန်းတူ မိတ်ဆွေလေ၊ ဒယ်ဒီ့အလုပ်ထဲ လိုက်သွားရင်း ဦးခင်ထွန်းဆိုတဲ့ အန်ကယ်ကြီးနဲ့ ကလျာခင်လာတာ၊ လက်ထပ်ဖို့ စီစဉ်တဲ့အထိ ဒီက သူမှန်းမသိပါဘူး၊ ထမင်းစား ဖိတ်တော့လည်း သူက မလာဘူးလေ၊ အဟင်း ... အဲဒါနဲ့ရှက်ပြီး မယူနိုင်ဘူးလို့ ကလျာ ငြင်းသေးတယ်၊ နောက်တော့ ပလာဇာမှာ အမှတ်မထင် သွားဆုံလိုက်တော့ အန်ကယ် ဦးခင်ထွန်းက အဲဒါ သူ့သားဆိုမှ ..."

"ကြိုက်သွားရောလား"

"ဟုတ်တယ်"

ကလျာ ခပ်ဆတ်ဆတ် ဖြေ၍ နေရာမှထကာ အဝတ်စင်ရှေ့ လျှောက်သွားသည်။

"မလတ်တို့နဲ့ ဘွဲ့ယူတုန်းက ထက်တောင် ချောသေးတယ်၊ အဲဒီနေ့ကလေ ခေါင်းစွပ်စပို့ရှပ် လက်ရှည်အညိုနဲ့ ဘောင်းဘီရှည် အနက်နဲ့ ဂျာကင်ကို ပခုံးပေါ် တင်ထားတာ၊ မျက်မှန်တပ်ထားတယ်၊ စီးကရက်ကို နှုတ်ခမ်းမှာ တပ်ပြီး မတ်တတ်ကနေ စားပွဲခုံပေါ် လက်နှစ်ဖက်ထောက် စကားပြောနေတာ ကလျာတို့ ဝင်သွားတော့ သူ နောက်ကို ခပ်စောင်းစောင်း ငဲ့ကြည့်လိုက်တာလေ၊ အဲဒီ အကြည့်တစ်ချက်နဲ့ပဲ ဒီက ပျော်ဝင်သွားတာ"

"အမလေး ... အချစ် ... အချစ်"

"ပြီးတော့ သူကတည်တယ် မမလွင်ရဲ့၊ ကလျာကလေ ကျောင်းမှာဆိုလည်း ကလျာ့ကို ဒူးထောက် ခစားနေကြတဲ့ ယောကျ်ားတွေနဲ့ချည်း တွေ့ခဲ့တာဆိုတော့ ရည်းစားတွေ ထားခဲ့တာတောင်မှ ယောကျ်ားတွေကို အထင်ကြီးခဲ့တာ မဟုတ်ဘူး၊ သူကတော့ ကလျာ့ကို စေ့စေ့စပ်စပ် တစ်ချက်ပဲ ကြည့်တယ်၊ ပြီးတော့လေ ... သူ့နှုတ်ခမ်း ထူထူက လေးကိုင်းလိုပဲ၊ ထူထူ ရဲရဲနဲ့ ပုံကျတယ်"

"ပုံစံကျပါစေဦးဟယ် ... ပါးသိုင်းမွေးတွေက အသည်းယားစရာ"

"အဲဒါကိုက သူ့စတိုင်၊ သူ့ရုပ်မျိုးကို တူတာ ဘယ်သွားရှာမလဲ ပြော"

"ကဲပါ ... မရှာပါနဲ့၊ ရှင်လေးလည်း သတိထားသွားဦး၊ တော်ကြာ လမ်းမှာ ရည်းစားနဲ့တွေ့လို့ ပြဿနာ တက်ဦးမယ်"

"အို ... စောစောကပဲ လင်းလတ်ကို ကလျာ ဖုန်းထဲကနေ အပြတ်ပြောလိုက်ပြီ"

"အမလေး ... မြန်လှချေလား"

"ဟဲ့ ... ဟို ထက်သာဇင် ဆိုတာလေးကရော"

"သူက ဟိုနေ့ကတည်းက ရှင်းသွားတာပါ၊ အရမ်း သဝန်တိုတတ်တာပဲ၊

ကလျာ နေတာထိုင်တာကို သူ့မှာ သဘောမကျနိုင်ဘူး၊ အဲဒါနဲ့ တိခနဲပဲ"

"ဘာလုပ်တာလဲ"

"ဖြတ်ပစ်လိုက်တာပေါ့"

"လွယ်တယ်နော်"

"အေးဆေးပါ"

"ဆောင်းသခင်က နာမည်ကတော့ တင်တင်စီးစီး ပဲနော်၊ ပုံစံလည်း ကလျာရေ ... နင့်စရိုက်နဲ့တော့ ဖစ်ဆိုက်ဖြစ်ဖို့ သိပ်မလွယ်ဘူး"

"သူ့ကိုတော့ လျှော့သင့်ရင် လျှော့ရမှာပေါ့၊ အိမ်မှာက ဝိုင်းဝိုင်းလည် ဖြစ်နေပြီလေ"

"ဟုတ်တယ် ကလျာ၊ အဲဒါ နင် နားလည်ဖို့လိုတယ်၊ အခုဆို ကိုကြီးနဲ့ ငါရှိနေလို့ အိမ်မှာ အခြေမပျက်တာ၊ ကိုကြီးက လွင်နဲ့ သူ့မိဘတွေက လူရင်းတွေမို့ ပြဿနာ မရှိပေမဲ့ ငါ့ယောက်ျားဘက်က ဟာတွေက ကြာရင် ပြောလာကြမှာ၊ သူတို့က မောင်မရှိရင် ငါ့ကို သူတို့ဆီမှာ လာနေစေချင်တာ၊ ဒါမှ မောင်ပြန်လာတဲ့အခါ ပါသမျှပစ္စည်း သူတို့ မြင်ရမှာကိုး၊ တော်သေးတာပေါ့၊ မောင်က ငါ့သဘောမို့လို့၊ ဒါလည်း တစ်သမတ်တည်း ဖြစ်သွားမယ်လို့ ပြောလို့ မရဘူးလေ၊ အိမ်မှာ ဒယ်ဒီရော၊ မာမီရော ကြွေးဝိုင်းဝိုင်းလည် ဖြစ်နေတာ၊ ဆောင်းသခင်နဲ့နင် အဆင်ပြေသွားမှပဲ အားလုံးပြေလည်မှာ"

"ကလျာ သိပါတယ်"

"ဟုတ်တယ်၊ တို့လည်းကြားတယ်၊ ဆောင်းသခင်က တော်တော် ချမ်းသာတာဆိုပဲ၊ သူ့မှာ အဖေတစ်ခု၊ သားတစ်ခုရယ်၊ ပြီးတော့ အဖေလုပ်သူက နိုင်ငံခြားကို အပြီး ထွက်သွားတော့မှာတဲ့၊ သူ့သားကို အမွေ အကုန်လွှဲခဲ့မှာတဲ့၊ ပြောမဲ့ဆိုမဲ့ ပါးစပ်တွေလည်း မရှိဘူးနော်၊ ကလျာ ... နင်လိမ္မာလို့

ကတော့ ကိုယ့်လက်ထဲမှာ ချည်းပဲ"

"ကြည့်ထားစမ်းပါ"

ကလျာက အလှဆုံး ပြင်ဆင်ကာ မှန်ထဲမှာ ရှေ့ပြန်နောက်ပြန် ကြည့်သည်။

ကိုယ့်အလှကိုယ် ယုံကြည်ခဲ့သမျှ ဆောင်းသခင်နဲ့ကျမှ ယုံကြည်မှုတွေက လျော့တိလျော့ရဲ ဖြစ်ရတဲ့အထိ။

"ထီးထီးရေ"

"ရှင် ... မမ"

"လာဦး ဒီကို"

ထီးကလေး ရှေ့ရောက်လာတော့ ကလျာ မျက်နှာပျက်လာသည်။ ထီးကလေးကို သူ မနှစ်မြို့ပါ။

အိမ်မှာ ယောကျ်ားလေးမိတ်ဆွေ လူငယ်တွေ စုဝေးပြီဆို အားလုံးရဲ့ မျက်လုံးများက လှစ်ခနဲ ရိပ်ခနဲ မြင်လိုက်ရသည့် ထီးကလေးနောက်မှာ တမ်းတမ်းစွဲ ...

စားစရာမှာပြီ ဆိုလည်း လာပို့တာက သူ ...

"မစန်း ဘာလုပ်နေလို့လဲ"

"အန်တီ ခိုင်းထားလို့ပါ"

အကြောင်းကလည်း ဒီလိုပဲ မကြာခဏ တိုက်ဆိုင်လွန်းသည်။ အပြင်မှာ လူထူပြီဆို သူထွက်လာပြီ။

လာလိုက်တော့ မျက်နှာပြောင်နဲ့ ...

ကိုယ့်ပါးပေါ်မှာ အချိန်ပြည့် ရှိနေသည်က မိတ်ကပ် ကာလာစုံ ...

သူက ကိုယ့်ကို တမင်ဒေါက်ဖြုတ် နေတဲ့အတိုင်း ...

"မဟုတ်ပါဘူး သမီးရယ်၊ သူ့မှာ စာကျက်ရ၊ အိမ်အလုပ် ပြေးလုပ်ရနဲ့၊ သနပ်ခါး မလိမ်းအားလို့ပါ၊ ပြီးတော့ မိတ်ကပ် ဘာညာလည်း မလိမ်းဖူးရှာဘူးလေ၊ သမီးကို ဒီလိုရည်ရွယ်ချက်နဲ့ လုပ်ဝံ့ပါ့မလားကွယ်၊ ကိုယ်က အိမ်ရှင်၊ သူက အလုပ်သမား"

"အမလေး ... အဲဒီလိုများ ဒယ်ဒီရှေ့မှာ သွားမပြောလိုက်နဲ့ဦး၊ သူ့ဟာမကို ထိရင် သူက ခံမှာမဟုတ်ဘူး"

ထီးကလေးက ဒယ်ဒီ့လူ ...

ဒယ်ဒီ့အလုပ် ဆိုဒ်ထဲက ကန်ထရိုက်ရဲ့ သမီးဖြစ်သည်။

အလုပ်ထဲမှာ အဆောက်အဦး တစ်ခန်း ငြမ်းပြုတ်ကျ၍ ဒယ်ဒီသေဖို့အထိ ဖြစ်တော့ သူက ကယ်တင်ခဲ့သည်။

သို့သော် ဒယ်ဒီ့ကိုကယ်ရင်း သူသေဆုံး သွားခဲ့လေသည်။ ထို့ကြောင့် ဒယ်ဒီက အသက်သခင် ကျေးဇူးရှင်အဖြစ် သတ်မှတ်ကာ သူ့မိသားစုကို ထောက်ပံ့ဖို့ စီစဉ်ခဲ့သည်။

စုံစမ်းလိုက်တော့ ထိုသူမှာ မုဆိုးဖိုဖြစ်ပြီး ကိုးတန်းဖြေထားသည့် အပျိုပေါက် သမီးလေး တစ်ယောက်သာ ကျန်ခဲ့ကြောင်း သိခဲ့ရသည်။

ထီးကလေးက ထိုအကြောင်းများနှင့် အိမ်ပေါ် ရောက်လာခဲ့ခြင်း ဖြစ်သည်။ အိမ်မှာ ဦးရာဇာရှိနေတဲ့ အချိန်ဆို အိမ်သားအားလုံးက မခေါ်ရဲ၊ မခိုင်းရဲ ထီးကလေး အခန်းအောင်း၍ စာဖတ် နေတတ်ပေမဲ့ ဦးရာဇာ မရှိတဲ့အချိန်ဆို အားလုံးကြားမှာ ဂျင်ခြေလည်အောင် လုပ်ရတော့သည်။

"ထီးကလေးကို ခိုင်းဖို့ ခေါ်လာတာ မဟုတ်ဘူးနော်၊ ဘယ်သူမှ မခိုင်းရဘူး၊ သူ့ကို အိမ်သားလိုပဲ သတ်မှတ်ရမယ်၊ အရေးပေးရမယ်၊ မစန်းတို့က

အစ ထီးကလေး လိုအပ်လို့ခိုင်းရင် လုပ်ပေးပါ"

ဦးရာဇာက အားလုံးကို မျက်နှာစုံညီ မှာထားတာ ဖြစ်သည်။

သို့သော် ...

ဒယ်ဒီ လစ်သွားသည်နှင့် ထီးကလေးကို စာဖတ်ချိန် မရအောင်၊ တစ်ချက်မှ မနားရအောင် ခိုင်းတတ်သူက ကလျာပဲ ဖြစ်သည်။

ထီးကလေး နားရတဲ့အချိန်ဟာ ဒယ်ဒီရှိတဲ့ အချိန်ရယ်၊ အိမ်မှာ ဧည့်သည်စုတဲ့ အချိန်ရယ်၊ ဒါပဲရှိသည်။

ဒါကိုပဲ ကလျာက မကျေနပ်သေးပါ။

ထီးကလေးမျက်နှာ ခပ်ပြောင်ပြောင်ကို မြင်တိုင်း မနှစ်မြို့ခြင်းက ဟန်မဆောင်နိုင်။

"မမ ... ဘာခိုင်း မလို့လဲဟင်"

"ငါမီးပူ တိုက်ခိုင်းထားတဲ့ စကတ်နှစ်ထည် တိုက်ပြီးပြီလား"

"တိုက်ပြီးပါပြီ"

"သွားယူလာခဲ့၊ ပြီးရင် ငါ့အခန်းထဲက အဝတ်တွေ အားလုံးလာယူ၊ မစန်းကို မလျှော်ခိုင်းနဲ့နော်၊ ပြီးတော့ စက်ထဲမှာ ထည့်မလျှော်နဲ့၊ လက်နဲ့ သေချာလျှော်"

"ဟုတ်ကဲ့ပါ"

ကလျာက ထီးကလေးရဲ့ ဆံပင်ရှည်ကြီးတွေကို မျက်စောင်း ထိုးကြည့်သည်။

"ဒီဆံပင်တွေကို ဖြန့်ဖြန့် မထားနဲ့လို့ပြောတာ ဘယ်နှခါရှိပြီလဲ ထီးထီး၊ နင်က ဂရုမစိုက်တဲ့ သဘောလား"

"မဟုတ်ပါဘူး မမရယ်၊ ခေါင်းဖြီးနေတုန်း မမခေါ်လိုက်လို့ပါ"

"ကဲပါကွယ် ... ကလျာ လုပ်စရာရှိတာ ပြီးအောင်လုပ်ထားလေ၊ တော်ကြာ ... ဟိုကလာလို့ အဆင်သင့် မဖြစ်ဘဲ နေဦးမယ်"

သော်တာလွင်က ကြားကဝင်၍ တားလိုက်သည်။ သူမက ကလျာကို ချစ်ပါသည်။

ဒါပေမဲ့ ထီးကလေးကိုလည်း ကရုဏာရှိတဲ့သူ ဖြစ်သည်။

ထီးကလေးဟာ ဒီအိမ်မှာ ဘယ်သူခိုင်းခိုင်း တစ်ချက်မှ မငြိုငြင်ဘဲ ကုန်းကျုံးလုပ်ရှာသည်။

ကလျာ သဝန်တိုရတဲ့ အဖြစ်ကိုလည်း နားလည်ကာ နှစ်ဖက်လုံးကို ထိန်းထိန်းသိမ်းသိမ်းလေး ဝင်ရောက် ပြောဆိုပေးခဲ့မိသည်။

ထီးကလေးက ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့ အောင်ထားတာ ဖြစ်သည်။

သို့သော် ဦးရာဇာက အခွင့်အရေး ပေးခဲ့ပေမဲ့ အားလုံးရဲ့ ငြိုငြင်မှုကို မခံရဲစွာ အဝေးသင်နဲ့ ဖြေဖို့ကိုသာ တင်ပြခဲ့ရှာသည်။

ဒါတောင်မှ သူမမှာ အလုပ်က တစ်ဖက်နှင့် စာကျက်ရသည် မရှိ။

ဘဝတွေက အမျိုးမျိုးပါလား ...

*****

အခန်း (၃)

"ဘယ်ကိုသွားမလို့လဲ ကိုဆောင်း"

"ဘုရားကိုလေ"

"ဘုရားကိုမှန်းတော့ သိတာပေါ့၊ ဘုရားခြေရင်းမှာပဲ ရပ်မိနေပြီပဲဟာ၊ ကလျာတို့ ပြောဆိုဆွေးနွေးဖို့က ဘုရားမှာလား၊ ဘယ်ကိုသွားဖို့ စိတ်ကူးရှိသေးလဲ၊ အဲဒါ မေးတာ"

"ဘုရားရင်ပြင် တစ်နေရာရာမှာ အရမ်းအေးချမ်းတဲ့ နေရာလေးတွေ ရှိပါတယ်၊ တစ်နေရာရာဆိုတာ မင်းဆန္ဒရှိသေးရင် ရွေးပါ"

သခင်က သူမကို တကူးတက စောင့်တွဲခေါ်သည် ဆိုပေမဲ့ လှေခါးထစ်တွေကို မှန်မှန် တက်နေတာ ဖြစ်သည်။

သို့သော် ကလျာ ဘယ်လိုမှ ယှဉ်တွဲ မလိုက်နိုင်တော့ဘဲ ဖြစ်လာသည်။

"ညောင်းလိုက်တာ၊ ဓာတ်လှေခါးနဲ့ တက်လိုက်ရရင် သိပ်ကောင်းမှာ"

စိတ်ပျက်သံလေးနဲ့ ညည်းတော့ သခင်က အနည်းငယ် ခြေလှမ်းတုံ့သွားပြီး လှည့်ကြည့်သည်။

"သိပ်မြင့်လှတာ မဟုတ်ပါဘူး ကလျာ၊ ဘုရားကိုလာတာ ဘုရားဖူးဖို့အတွက် လုံ့လစိုက်ထုတ် လာရတာ ပိုမကောင်းဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကလျာက နားနားနေနေ သူငယ်ချင်းတွေနဲ့ပဲ တက်ဖူးတာ၊ ခုကျတော့ ကိုဆောင်းက တအား မြန်တာကိုး"

"တို့က ပုံမှန်အတိုင်းပါပဲ"

ပြောတော့မှ သူက စောင့်ခေါ်ဖော် ရတော့သည်။

သို့သော် လက်ကလေး တစ်ဖက်မှ လာတွဲဖော်မရ။ သူ့လက်မောင်းကို လှမ်းဆုပ်ကိုင်ဖို့ ကျတော့လည်း မျက်နှာကြီး လုပ်ထားပုံက ကိုင်ရဲစရာမရှိ။

မျက်မှန်နက် တပ်ထားသည့် နောက်ကွယ်က သူ့မျက်လုံးတွေဟာ ကလျာ့ကို သဘောကျနေသည်လား၊ မကျဘဲ ရှိသလား၊ ဘာမှ အကဲခတ်လို့ မရနိုင်ဘဲ ဖြစ်နေသည်။

တစောင်းအနေအထား ဖြစ်သွားစဉ် တိုစိပ်သော သူ့မျက်တောင်တွေကို မျက်မှန်ထဲမှာ လှမ်းမြင်ရသည်။

မျက်မှန် ချွတ်လိုက်လည်း သူဟာ ချောမောတဲ့သူပါ။

ဘာဖြစ်လို့ မျက်မှန်ကိုပဲ စွဲစွဲမြဲမြဲ တပ်ထားတတ်သည်ကို စဉ်းစားလို့မရ။

"ဟိုမှာတွေ့လား၊ စကတ်အကွဲတွေ မဝတ်ရတဲ့"

သူ့ပုံစံက စနောက်သည်လည်း မဟုတ်ဘဲ မနှစ်သက်၍ ပြောသည်လား။ သူကိုယ်တိုင်က ဖြစ်ချင်သည်လား မသိသာပေမဲ့ မျက်နှာမှာ ရယ်မြူးရိပ်တော့ ရှိမနေပါ။

ကလျာက မျက်နှာလေးကို တမင်တည်ပစ်ကာ ...

"ရန်ကုန်မြို့မှာ ထမီဝတ်ပြီး လျှောက်လည်တဲ့ မိန်းကလေးကို ဆွဲပြဖို့ တော်တော် ရှားသွားပါပြီ ကိုဆောင်းရယ်၊ ကလျာ့မှာ ထမီဆိုလို့ ရေလဲထမီတွေပဲ ရှိတယ်၊ မခက်ဘူးလား"

သခင် ဘာမှပြန်မပြောဘဲ နေပြန်သည်။

ကလျာ့မှာ သူနဲ့ စကားပြောရတာ ဆန့်တငင်ငင် ...

ပျော်ရွှင် ရင်ခုန်ဖွယ်လည်း မရှိ ...

အနိုင်ယူ ဆိုးနွဲ့ဖို့ကတော့ ဝေး ...

သူ မပြောချင်သည့် စကားဆို အနည်းငယ် ငဲ့ကြည့်တတ်သည်မှ လွဲ၍ ဘာတစ်ခွန်းမှ ပြန်လှန်မေးမြန်း ပြောဆိုခဲ့သည်မရှိ။

ဗုဒ္ဓဝင် ပြခန်းက ပြန်တက်လာတော့ စေတီလေးရဲ့ နံ့ဘေးအုတ်ခုံမှာ ထိုင်လိုက်ကြသည်။

ထိုနေရာမှာတော့ ခိုတွေမဟုတ်ဘဲ ကျီးကန်းတွေ ပတ်လည် ဝိုင်းနေလေသည်။

သခင်က သူ့ဂျာကင်အိတ်ထဲက ဘယ်တုန်းက ပါလာမှန်းမသိသည့် အာလူးပြောင်း အတွဲလိုက် အထုပ်တွေကို တစ်ထုပ်ပြီးတစ်ထုပ် ဖောက်ကျွေးနေသည်။

ကျီးကန်းတွေက လက်ထဲကပင် လာထိုးသုတ်တော့မဲ့ အတိုင်း ခုန်ပျံ ထိုးဟပ်နေကြသည်။

တကယ်ဆို ကလျာ့ လက်ထဲကိုလည်း မုန့်ထုပ်တွေ ခွဲထည့်ပေးဖို့ ကောင်းပါသည်။ ခုတော့ ...

သူကတော့ သူ့အလုပ်နဲ့သူ ဟုတ်လို့ ...

ကလျာက ငုတ်တုတ် ငေါင်ငေါင်ကြီး ...

"ကိုဆောင်း ဘုရားကိုလာတာ ကျီးစာကျွေးဖို့ လာတာလား၊ ကလျာတို့ကိစ္စ ဆွေးနွေးဖို့လား"

စူတင်းချင်နေသော ကလျာ့နှုတ်ခမ်း ညိုလက်လက် ကလေးတွေကို သခင်က လှည့်ကြည့်သည်။

"တို့ဘက်က ပြောစရာမရှိဘူးလေ၊ မင်းနဲ့လက်ထပ်ဖို့ သဘောတူခဲ့ပြီးသားပဲ၊ မင်းအလိုကျတာ၊ မင်းဆန္ဒရှိတာကို ပြောပြဆွေးနွေးပေါ့၊ တို့က မင်းအတွက် လာပေးတာ"

"ဟုတ်လား၊ ဒါဆို ဆောရီးပဲ၊ ကလျာ သဘောကျတာကို ပြောတော့မယ် နော်"

"ပြောပါ"

"ကလျာ့ကို ကိုဆောင်း ဂရုမစိုက်သလို တမင်နေပြတာလား၊ ဂရုကို မ စိုက်တာလား"

သူ ဖျတ်ခနဲ လှည့်ကြည့်ပြန်သည်။

ပြီးတော့ နောက်ဆုံး မုန့်ထုပ်ကို ဆွဲဖွင့်၍ ကျီးကန်းတွေ ကြားထဲ အားလုံး ကြဲပစ်လိုက်သည်။

"တို့နေတဲ့ပုံက မင်းကို ဂရုမစိုက်သလို ဖြစ်နေလို့လား"

"ဟုတ်တယ်"

"မင်းကို ဘယ်လို ဂရုစိုက်ရမယ် ဆိုတာ တို့က မသိဘူးလေ၊ ဥပမာ မင်း က ဘာကိုကြိုက်တယ်၊ ဘာကို မကြိုက်ဘူး၊ အတိုက်အခံ သမားလား၊ နူး နူးညံ့ညံ့ သမားလား၊ မင်းနဲ့တို့ ဒီမနက်မှ မျက်နှာချင်းဆိုင် မိကြတာဆို တော့ မင်းနဲ့ပတ်သက်လို့ တို့ဘက်က စိတ်ဝင်စားမှု နည်းနေသေးတယ်၊ အဲ ဒါကို မင်းနားလည်ရင် လောဘမကြီးပါနဲ့၊ ဂရုစိုက်မှု၊ ကြင်နာမှုဆိုတာ ဖန်တီးယူရတာ မကောင်းဘူး"

ကြည့်စမ်း ... ဒါတွေ သူနားလည်ရဲ့သားနဲ့ မိန်းကလေး တစ်ယောက်ကို ဖြားယောင်းဖို့၊ သိမ်းသွင်းဖို့ သူ မကြိုးစားတော့ဘူး တဲ့လား။ လက်ထပ်ဖို့ သေချာနေပေမဲ့ ကလျာ သူ့ကို စိမ်းသက်မနေအောင် ကလျာ့ အချစ်ကို ရအောင် သူ မကြိုးစားတော့ဘူးလား။

ကလျာ မခံချင်စိတ်တွေ ဖြစ်ပေါ်လာပေမဲ့ ပါးသိုင်းမွေးစစနှင့် သူ့မျက်နှာ ကို စိုက်ကြည့်ကာ ...

"ဆောင်းသခင်က ဒီပြင် ယောကျ်ားတွေလို ဘယ်ဟုတ်ပ့ါမလဲ"

ဟု တွေး၍ ဖြေလိုက်ရသည်။

နှစ်ယောက်သား ပြန်လည် တိတ်ဆိတ်သွားကာ သခင်က စီးကရက်တစ်လိပ် ထုတ်သောက်သည်။

ကလျာက ခပ်ရွဲ့ရွဲ့လုပ်၍ ပါးစပ်ပိတ် ထိုင်နေသလောက် သူကလည်း စီးကရက်သောက်ရင်း ငြိမ်သက်နေလေသည်။

စီးကရက် တစ်ဝက် ကျိုးလေတော့မှ ...

"မင်း တစ်နေရာရာ သွားဦးမလား"

"ဘယ်မှ မသွားတော့ဘူး"

"ဒါဆို ပြန်ရအောင်"

သူ့မျက်နှာက ဘာမှအထိအခိုက် မရှိ၊ နဂိုအတိုင်း ရှိသော်လည်း ကလျာ နှုတ်ခမ်းလေးကိုပင် ဖိကိုက်ထားရသည်။

ဂရုစိုက် ကြင်နာမှုကို သူက ဖန်တီးမယူဘူး ဆိုတော့ အခုတော့ သူက ကလျာ့ကို နည်းနည်းမှ စိတ်မဝင်စားဘူး ဆိုတဲ့ သဘော။ အလှဆုံး ပြင်လာခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသဖြစ်လို့မဆုံး။ ကိုယ်မော်ကြွားခဲ့တဲ့ အလှတွေ ဘယ်ရောက်ကုန်ပြီလဲ။

ဒါမှမဟုတ် ဆောင်းသခင်ဆိုတဲ့ ယောကျ်ားက အတော် ကန်းသွားပြီလား။

*****